# ဂျပန်နိုင်ငံ၏ ပျားရည်ဈေးကွက်အခြေအနေ

## ကမ္ဘာ့ပျားရည်ဈေးကွက် အခြေအနေ

၁။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပျားရည်ဈေးကွက်ဝယ်လိုအားမှာ အမေရိကန်ဒေါ်လာ ၁၄.၇၈ ဘီလီယံ ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ ပျားရည်ဝယ်လိုအားမှာ ပျမ်းမျှအားဖြင့် ၁၁ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း ခန့်မှန်းထားပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ပျားရည်ကို အစားအသောက်နှင့် အဖျော်ယမကာအတွက် အများဆုံးသုံးစွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ်၌ ၇၀.၂ ရာခိုင်နှုန်း သုံးစွဲခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။




## ဂျပန်နိုင်ငံ၏ ပျားရည်ဈေးကွက် အခြေအနေ

၂။ ဂျပန်နိုင်ငံသည် အမေရိကန်နှင့်ဂျာမနီပြီးပါက ကမ္ဘာတွင် တတိယအများဆုံး ပျားရည် တင်သွင်းသည့် နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၈.၆ သန်းတန်ဖိုး တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းပျားရည် ဖူလုံမှုနှုန်းမှာ ၆ ရာခိုင်နှုန်းသာ ရှိပြီး ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှ အဓိကထား တင်သွင်းရလျက် ရှိပါသည်။[1]

၃။ ကျန်းမာရေးကို အထူးအလေးထားကြသည့် ဂျပန်လူမျိုးများသည် ပျားရည် ကဲ့သို့သော သဘာဝအခြေပြုထုတ်ကုန်နှင့် အာဟာရပြည့်ဝသည့် ကုန်စည်များကို ပိုမိုသုံးစွဲ လာကြသည်ကို တွေ့ရှိရပါသည်။ ၂၀၂၀ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ပျားရည်တန်ချိန် ၄၉၃၄၀ တန် တင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၄၇၁၃၂ တန် တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဂျပန် နိုင်ငံအနေဖြင့် ပျမ်းမျှအားဖြင့် နှစ်စဉ်တန်ချိန် ၄၅၀၀၀ ကျော် တင်သွင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ပျားရည်ကို တရုတ်၊ ကနေဒါနှင့် နယူးဇီလန်နိုင်ငံတို့မှ အများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။

---

[1] https://www.eu-japan.eu/eubusinessinjapan/library/publication/report-honey-market-japan

ဂျပန်နိုင်ငံတွင် ပျားရည် ရောင်းချမှုအခြေအနေ

၄။ ဂျပန်နိုင်ငံ၏ လက်ရှိပျားရည် ဈေးနှုန်းအခြေအနေ၊ ထုတ်လုပ်မှုနှင့် ထုတ်ပိုးမှုပုံစံတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ဈေးနှုန်း (ဂျပန်ယန်း) | ဈေးနှုန်း (ကျပ်ငွေ) | ထုပ်ပိုးမှုပုံစံ |
|---|---|---|---|---|
| (က) | **Japanese Honey from Aki Bees, Hundred Flowers Wasamito, 5.3 oz (150 g) Product of Hiroshima** | ၁၈၀၀ ယန်း | ၂၅,၆၅၀ ကျပ် |  |
| (ခ) | **Domestic Hyakka Honey, 33.5 oz (1000 g) (1 kg) Ripe Pure Honey (Bond Container) Hiroshima, and Yamaguchi** | ၃၅၉၇ ယန်း | ၅၁,၂၅၇ ကျပ် |  |
| (ဂ) | **Japanese Natural Pure Honey [Meihido] Homemade Honey (Hundred Flowers) 17.6 oz (500 g)** | ၃၂၈၀ ယန်း | ၄၆,၇၄၀ ကျပ် |  |
| (ဃ) | **Japanese Honey from Aki Hundred Flowers Wasami, 17.6 oz (500 g)** | ၄၈၀၀ ယန်း | ၆၈,၄၀၀ ကျပ် |  |
| (င) | **ONEROOT – Organic Ceylon Cinnamon Infused Organic Raw Honey – 300g (1)** | ၃၈၉၀ ယန်း | ၅၅,၄၃၂ ကျပ် |   |
| (စ) | **Specialty Additive-Free Specialty Shop Renge Honey, 12.3 oz (350 g), Unheated, Made in Kyushu, Bottled, 100% Raw Honey, Lotus, Organic** | ၂၅၀၀ ယန်း | ၃၅,၆၂၅ ကျပ် |  |

ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံမှ ပျားရည်များကို ရောင်းချနေမှုအခြေအနေ

၅။ ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံမှ ပျားရည်များကို အောက်ပါအတိုင်း ရောင်းချလျက်ရှိသည်ကို တွေ့ရှိရပါသည်-

| စဉ် | အကြောင်းအရာ | ဈေးနှုန်း (ဂျပန်ယန်း) | ဈေးနှုန်း (ကျပ်ငွေ) | ထုပ်ပိုးမှုပုံစံ |
|---|---|---|---|---|
| (က) | Pure Honey 26.5 oz (750 g) x 3 Piece Set (Myanmar) | ၂၃၇၆ ယန်း | ၃၃,၈၅၈ ကျပ် |  |
| (ခ) | Honey, Sunflower Honey, Marumi, 17.6 oz (500 g), Honey Made in Myanmar | ၈၈၆ ယန်း | ၁၂,၆၂၆ ကျပ် |  |
| (ဂ) | Rosemey Myanmar Sunflower Honey, 6.3 oz (180 g) | ၁၁၈၈ ယန်း | ၁၆,၉၂၅ ကျပ် |  |
| (ဃ) | Pure Nail Honey, 5.3 oz (150 g) x 2 Bottles, Honey, Natsume, Pesticide-free, Myanmar | ၄၂၀၀ ယန်း | ၅၉,၈၅၀ ကျပ် |  |
| (င) | Pure Honey from Myanmar (Poly) 26.5 oz (750 g) | ၂၀၈၀ ယန်း | ၂၉,၆၄၀ ကျပ် |  |